# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကယားပြည်နယ်လွှတ်တော်

## ကယားပြည်နယ်
## စည်ပင်သာယာရေးအဖွဲ့များဥပဒေကို
## ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

( ၂၀၂၀ ပြည့်နှစ်၊ ကယားပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၈။ )

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်

## ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေကို

## ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ

**( ၂၀၂၀ ပြည့်နှစ်၊ ကယားပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၈ ။ )**

**၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )**

ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၆၁ ပုဒ်မခွဲ (င)၏နောက်တွင် ပုဒ်မခွဲ (စ)နှင့် (ဆ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ပြဋ္ဌာန်းရမည် -

( စ ) လမ်းအမည်သတ်မှတ်ခြင်း၊ အဆောက်အအုံအမှတ်သတ်မှတ်ခြင်းများကို မပြုရ။

(ဆ) သတ်မှတ်ထားသော လမ်းစည်းကမ်းနှင့် လမ်းအသုံးချမှုများကို ဖောက်ဖျက်ခြင်း မပြုရ။

၃။ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၇၆ ၏ ဇယားစာတိုင် (၁) ပုဒ်မ၊ ပုဒ်မခွဲတွင် ၆၁(စ)နှင့် ဇယားစာတိုင်(၂) ပြဋ္ဌာန်းချက်အကျဉ်းတွင် **“လမ်းအမည် သတ်မှတ်ခြင်း၊ အဆောက်အအုံအမှတ်သတ်မှတ်ခြင်းမပြုရန် တားမြစ်ခြင်း”** ဇယားစာတိုင် (၁)



ပုဒ်မ၊ ပုဒ်မခွဲတွင် ၆၁ (ဆ)နှင့် ဇယားစာတိုင် (၂) ပြဋ္ဌာန်းချက်အကျဉ်းတွင် **“သတ်မှတ်ထားသော လမ်းစည်းကမ်းနှင့် လမ်းအသုံးချမှုများကို ဖောက်ဖျက်ခြင်းမပြုရန် တားမြစ်ခြင်း”**ဟု ဖြည့်စွက်ဖော်ပြရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) အယ်လ်ဖောင်းရှို

ဝန်ကြီးချုပ်

ကယားပြည်နယ်အစိုးရအဖွဲ့